## ကုမ္ပဏီစီမံအုပ်ချုပ်မှုအဖွဲ့၏ ဆွေးနွေးမှုများ နှင့် ဆန်းစစ်လေ့လာမှု

Ever Flow River Group Public Company Limited သည် ၂၀၂၀ စက်တင်ဘာလ ၃၀ ရက် တစ်နှစ်တာကာလအတွက် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးမှုများ နှင့် ဆန်းစစ်လေ့လာမှုများ (MD&A) ကို 2019 ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် ကုန်ဆုံးသော ယခင် ခြောက်လတာ ကာလ နှင့် ၂၀၁၉ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးခဲ့သော စာရင်း၏ နှစ်တဝက်စာ ၆လတာကာလ တို့နှစ်ခုအားပေါင်း၍ နှစ်တနှစ်စာ အဖြစ်သတ်မှတ်ပြီး နှိုင်းယှဉ်ထုတ်ပြန် ကြေညာအပ်ပါသည်။ အခြားငွေကြေးအနေနှင့် ဖော်ပြထားခြင်း မရှိပါလျှင် ငွေပမာဏဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

၂၀၁၉ မတ်လ ၁၉ ရက်နေ့တွင် ပြည်တွင်း အခွန်များ ဦးစီးဌာန (IRD) မှ ၂၀၁၉ ပြည်ထောင်စု အခွန်ကောက်ဥပဒေ အား ထုတ်ပြန်၍ ဘဏ္ဍာနှစ် အား နှစ်တစ်နှစ်၏ စက်တင်ဘာလ ၃၀ ရက်နေ့ အဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။ သို့ဖြစ်ပါသောကြောင့် Ever Flow River Group Public Company Limited သည်လည်း နှစ်တစ်နှစ်အတွက် ဘဏ္ဍာနှစ် အစီရင်ခံစာအား မတ်လ ၃၁ ရက် အစား စက်တင်ဘာလ ၃၀ ရက်နေ့သို့ ပြောင်းလဲခဲ့ပါသည်။

Audited Report တွင် ငွေစာရင်းတင်ပြချက်များမှာ ၂၀၂၀ စက်တင်ဘာလ ၃၀ ရက် (၁၂လစာ)နှင့် ကျန်ခဲ့သည့်ဘဏ္ဍာနှစ် ၂၀၁၉ စက်တင်ဘာလ ၃၀ ရက် (၆လစာ)များဖြင့် တင်ပြထားပါသည်။ ၎င်းတို့ငွေစာရင်းယှဉ်ပြချက်သည် နှိုင်းယှဉ်၍ သုံးသပ်ချက် မပြုနိုင်ပါ။

သို့ပါသောကြောင့် ဤဆွေးနွေးဆန်းစစ်မှု အစီရင်ခံစာတွင် ၂၀၂၀ စက်တင်ဘာလ ၃၀ ရက်၏ အစီရင်ခံစာနှင့် ၂၀၁၉ စက်တင်ဘာလ ၃၀ ( ၂၀၁၉ နှစ်ဝက် ဘဏ္ဍာရေး ရှင်းတမ်းနှင့် ယခင်နှစ် ၂၀၁၈-၂၀၁၉ ၏ နှစ်ဝက် ဘဏ္ဍာရေး ရှင်းတမ်း ၂ခုပေါင်း၍ ယခင်တစ်နှစ်စာ) အဖြစ် တင်ပြထားပါသည်။

**SUMMARY OF GROUP STATEMENT OF COMPREHENSIVE INCOME**

| DESCRIPTION | FY March 2019 (Apr18-Mar19) ( Audited ) | HY September (Apr19-Sep19) (Mini Budget Audited) | FY September 2019 (Oct2018-Sep2019) (HY2018-19 + Mini 2019) Audited | FY September 2020 (Oct2019-Sep2020) (Audited ) | % CHANGE |
|---|---|---|---|---|---|
| Revenue | 10,147,620,490 | 5,604,026,271 | 10,677,836,516 | 12,832,503,596 | 20% |
| Cost of goods sold | (7,520,984,759) | (4,341,874,252) | (8,102,366,632) | (10,692,069,949) | 32% |
| Gross profit | 2,626,635,731 | 1,262,152,019 | 2,575,469,885 | 2,140,433,647 | -17% |
| ***Gross profit Margin*** | ***25.88%*** | ***22.52%*** | ***24.12%*** | ***16.68%*** | ***-31%*** |
| Administration expenses | (2,417,610,227) | (1,427,479,985) | (2,636,285,098) | (2,707,995,313) | 3% |
| Profit before interest and tax | 209,025,505 | (165,327,966) | (60,815,214) | (567,561,666) | 833% |
| Other income | 1,781,117,214 | 80,998,659 | 971,557,266 | 351,479,430 | -64% |
| Finance cost | (81,927) | - | (40,963) | (15,900,000) | -387 times |
| Profit before tax | 1,990,060,793 | (84,329,307) | 910,701,089 | (231,982,236) | -125% |
| Income tax expenses | (181,089,864) | (97,684,206) | (188,229,138) | (60,101,870) | -68% |
| **Profit after tax** | **1,808,970,928** | **(182,013,513)** | **722,471,951** | **(292,084,106)** | **-140%** |

| | | | | | |
|---|---|---|---|---|---|
| Share of associates profit | (237,267,418) | (174,790,664) | (293,424,373) | (326,392,080) | 11% |
| **Profit for the year** | **1,571,703,510** | **(356,804,177)** | **429,047,578** | **(618,476,183)** | **-244%** |
| Other comprehensive income for the year | 436,794,941 | 15,485,574 | 233,883,044 | (114,479,353) | -149% |
| Total comprehensive income for the year | 2,008,498,451 | (341,318,603) | 662,930,623 | (732,955,536) | -211% |
| **Profit attributable to:** | | | | | |
| Owners of the Parent | 1,584,634,053 | (350,597,531) | 441,719,495 | (616,529,303) | -240% |
| Non-Controlling Interest (NCI) | (12,930,543) | (6,206,645) | (12,671,917) | (1,946,880) | -85% |
| **Total profit of the year** | **1,571,703,510** | **(356,804,177)** | **429,047,578** | **(618,476,183)** | **-244%** |
| **Total comprehensive income attributable to:** | | | | | |
| Owners of the Parent | 2,021,428,994 | (335,111,957) | 675,602,539 | (731,008,656) | -208% |
| Non-Controlling Interest (NCI) | (12,930,543) | (6,206,645) | (12,671,917) | (1,946,880) | -85% |
| Total Comprehensive income for the year | 2,008,498,451 | (341,318,603) | 662,930,623 | (732,955,536) | -211% |
| Weighted no. of ordinary shares | 10,910,900 | 9,988,612 | 13,177,481 | 19,977,223 | 52% |
| Earnings Per Share | 145.23 | (35.10) | 40.48 | (30.86) | -176% |

**BREAKDOWN OF GROUP REVENUE**

| DESCRIPTION | FY March 2019 (Apr18-Mar19) ( Audited ) | HY September (Apr19-Sep19) (Mini Budget Audited) | FY September 2019 (Oct2018-Sep2019) (HY2018-19 + Mini 2019) Audited | % OF TOTAL | FY September 2020 (Oct2019-Sep2020) (Audited ) | % OF TOTAL | % CHANGE |
|---|---|---|---|---|---|---|---|
| EFR (Stand Alone) | 396,065,000 | 189,000,000 | 387,032,500 | 3.5% | 252,000,000 | 1.9% | -35% |
| MRTW Logistics | 269,028,239 | 156,710,457 | 291,224,576 | 2.6% | 1,027,630,914 | 7.9% | 253% |
| MULTIPACK | 348,294,641 | - | 174,147,321 | 1.6% | - | 0.0% | -100% |
| UCS | 204,484,898 | 117,978,002 | 220,220,452 | 2.0% | 950,258,027 | 7.3% | 332% |
| EFR GLE | 1,684,961,834 | 738,752,478 | 1,581,233,395 | 14.4% | 2,361,465,754 | 18.1% | 49% |
| MRTW Manufacturing | 1,330,743,548 | 555,853,533 | 1,221,225,307 | 11.1% | 1,130,913,016 | 8.7% | -7% |
| Gold Shipping | 1,176,217,826 | 568,232,652 | 1,156,341,565 | 10.5% | 813,343,499 | 6.2% | -30% |

| | | | | | | | |
|---|---|---|---|---|---|---|---|
| EFR Trading | 5,151,580,276 | 3,405,953,748 | 5,981,743,886 | 54.3% | 6,358,618,834 | 48.8% | 6% |
| LDC Mandalay | - | - | - | 0.0% | - | 0.0% | NM |
| A Logistics | - | - | - | 0.0% | 130,273,550 | 1.0% | NM |
| **Total Revenue** | **10,561,376,262** | **5,732,480,870** | **11,013,169,001** | **100%** | **13,024,503,595** | **100%** | **18%** |
| Intercompany transaction | (413,755,771) | (128,454,599) | (335,332,485) | | (192,000,000) | | |
| **Total Revenue** | **10,147,620,490** | **5,604,026,271** | **10,677,836,516** | | **12,832,503,595** | | **20%** |

ကျွန်ုပ်တို့၏ စုစုပေါင်းဝင်ငွေသည်ယခင် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ တွင် မြန်မာကျပ် ၁၀,၆၇၇,၈၃၆,၅၁၆ ရရှိရာမှ ၂၀% ခန့် တိုးလာပြီး ယခုနှစ် ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် ၁၂,၈၃၂,၅၀၃,၅၉၅ ရရှိဆောင်ရွက်ခဲ့ပါသည်။ အဓိက အားဖြင့် EFR Trading Company Limited နှင့် Forwarding Business များ၏ ဝင်ငွေများ တိုးလာခြင်းဖြစ်ပါသည်။ ထိုသို့ တိုးလာသည့်ကုမ္ပဏီခွဲများ အနက်မှ EFR Trading Company Limited ၏ ဝင်ငွေမှာ စုစုပေါင်းဝင်ငွေ၏ ၄၈.၈% ဖြစ်ပြီး ဤနှစ်ဖြင့် ယှဉ်လျှင်လည်း အနည်းငယ် ပိုမိုတိုးတက်လာခဲ့ပါသည်။ ဒုတိယ အများအနေဖြင့် EFR GLE ၏ဝင်ငွေမှာ စုစုပေါင်းဝင်ငွေ၏ ၁၈.၁% ဖြစ်ပါသည်။

ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ နှစ်၏ MRTW Logistics နှင့် UCS တို့၏ ဝင်ငွေတိုးတက်မှုများ သိသာထင်ရှား စေခဲ့ပါသည်။ ခြုံ၍ကြည့်လျှင် ၂၀ နှင့် ၃၀ ခန့် အထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့ပြောင်းလဲ တိုးတက်လာခြင်းမှာလည်း ဘဏ္ဍာရေး အစီရင်ခံစာတင်ပြပုံ၊ ပုံစံအားနှိုင်းယှဉ်မှုများ မှန်ကန်စေရန်အတွက် ပြောင်းလဲခဲ့ခြင်းကြောင့်လည်းဖြစ်ပါသည်။

ဝင်ငွေများ နှိုင်းယှဉ်ဆွေးနွေးရာတွင် Gold Shipping Agency Services Limited ၏ ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀နှစ် ဝင်ငွေသည် ၃၀% ခန့် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ နှစ်ဖြင့် နှိုင်းယှဉ်လျှင် လျော့ကျ သွားသည်ကို တွေ့ရှိရပါသည်။ အဘယ်ကြောင့် ထိုသို့ကျဆင်းရခြင်းမှာ Covid 19 ဖြစ်ပေါ်နေသော ကာလအတွင်း Hyundai Principle ၏ ပို့ကုန် ၊ သွင်းကုန် များ အတွက် Containers Services ပေးများရန် ကန့်သတ်ချက်များ ရှိခြင်းကြောင့် ဖြစ်ပါသည်။

**BREAKDOWN OF GROSS PROFIT**

| DESCRIPTION | FY March 2019 (Apr18-Mar19) ( Audited ) | HY September (Apr19-Sep19) (Mini Budget Audited) | FY September 2019 (Oct2018-Sep2019) (HY2018-19 + Mini 2019) Audited | % OF TOTAL | FY September 2020 (Oct2019-Sep2020) (Audited ) | % OF TOTAL | % CHANGE |
|---|---|---|---|---|---|---|---|
| EFR (Stand Alone) | 396,065,000 | 189,000,000 | 387,032,500 | 14% | 252,000,000 | 11% | -35% |
| MRTW Logistics | 196,609,525 | 127,135,378 | 225,440,140 | 8% | 134,424,945 | 6% | -40% |
| MULTIPACK | 76,403,759 | 0 | 38,201,879 | 1% | 0 | 0% | |
| UCS | 202,640,413 | 114,114,736 | 215,434,943 | 8% | 165,721,049 | 7% | -23% |
| EFR GLE | 870,295,662 | 432,444,276 | 867,592,107 | 30% | 589,969,595 | 25% | -32% |
| MRTW Manufacturing | 349,980,003 | 87,752,190 | 262,742,191 | 9% | 440,866,713 | 19% | 68% |

| | | | | | | | |
|---|---|---|---|---|---|---|---|
| Gold Shipping | 520,192,375 | 250,389,906 | 510,486,094 | 18% | 449,149,157 | 19% | -12% |
| EFR Trading | 321,660,837 | 191,545,854 | 352,376,273 | 12% | 294,337,998 | 13% | -16% |
| LDC Mandalay | 0 | 0 | 0 | 0% | 0 | 0% | |
| A Logistics | 0 | 0 | 0 | | 7,860,057 | 0% | NM |
| **Total Gross Profit** | **2,933,847,574** | **1,392,382,340** | **2,859,306,127** | **100%** | **2,334,329,513** | **100%** | **-18%** |
| Intercompany transaction | (307,211,842) | (130,230,321) | -283,836,242 | | (193,895,866) | | |
| **Total Gross Profit** | **2,626,635,731** | **1,262,152,019** | **2,575,469,885** | | **2,140,433,647** | | **-17%** |

| GP Margin Changes | Gross Profits Total | Revenue Total | | Gross Profits Total | Revenue Total | | |
|---|---|---|---|---|---|---|---|
| **DESCRIPTION** | FY September 2019 (Oct2018-Sep2019) (HY2018-19 + Mini 2019) Audited | FY September 2019 (Oct2018-Sep2019) (HY2018-19 + Mini 2019) Audited | (Oct2018-Sep2019) GP Margin | FY September 2020 (Oct2019-Sep2020) (Audited ) | FY September 2020 (Oct2019-Sep2020) (Audited ) | (Oct2019 - Sep2020) GP Margin | % CHANGE |
| EFR (Stand Alone) | 387,032,500 | 387,032,500 | 100% | 252,000,000 | 252,000,000 | 100% | 0% |
| MRTW Logistics | 225,440,140 | 291,224,576 | 77% | 134,424,945 | 1,027,630,914 | 13% | -83% |
| MULTIPACK | 38,201,879 | 174,147,321 | 22% | - | - | | |
| UCS | 215,434,943 | 220,220,452 | 98% | 165,721,049 | 950,258,027 | 17% | -82% |
| EFR GLE | 867,592,107 | 1,581,233,395 | 55% | 589,969,595 | 2,361,465,754 | 25% | -54% |
| MRTW Manufacturing | 262,742,191 | 1,221,225,307 | 22% | 440,866,713 | 1,130,913,016 | 39% | 81% |
| Gold Shipping | 510,486,094 | 1,156,341,565 | 44% | 449,149,157 | 813,343,499 | 55% | 25% |
| EFR Trading | 352,376,273 | 5,981,743,886 | 6% | 294,337,998 | 6,358,618,834 | 5% | -21% |
| LDC Mandalay | 0 | 0 | | - | - | | |
| A Logistics | 0 | 0 | | 7,860,057 | 130,273,550 | 6% | |
| **Total Gross Profit** | **2,859,306,127** | **11,013,169,001** | **26%** | **2,334,329,513** | **13,024,503,595** | **18%** | **-31%** |
| Intercompany transaction | (283,836,242) | (335,332,485) | 85% | (193,895,866) | (192,000,000) | | |
| **Total Gross Profit** | **2,575,469,885** | **10,677,836,516** | **24%** | **2,140,433,647** | **12,832,503,595** | **17%** | **-31%** |

ကျွန်ုပ်တို့၏ စုစုပေါင်းအကြမ်းအမြတ် (Gross Profit) သည် ၂၀၁၈-၂၀၁၉ နှစ်တွင် မြန်မာကျပ်၂,၅၇၅,၄၆၉,၈၈၅ ရရှိခဲ့ရာမှ ၂၀၁၉-၂၀၂၀ နှစ် တွင် မြန်မာကျပ် ၂,၁၄၀,၄၃၃,၆၄၇ သို့ ၁၇% လျော့ကျခဲ့ပါသည်။ အကြမ်းအမြတ်အား မာဂျင်ဖြင့် ပြရလျှင် ၂၄% မှ ၁၇% သို့ ကျဆင်းခဲ့ပါသည်။ ၎င်းမှာ ယခုဖြစ်ပေါ်နေသော Covid 19 ၏ ရိုက်ခတ်မှုကြောင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ရန်နှေးကွေးခြင်းကြောင့် မိမိတို့ Freight Forwarding Business များ Shipping Line လုပ်ငန်းများသည် သွယ်ဝိုက်၍ထိခိုက်ခဲ့ပါသည်။ ထို့အပြင် ဝန်ထမ်းဆိုင်ရာ တိုက်ရိုက်ကုန်ကျစရိတ်များသည်လည်း ပိုမိုများပြားလာခဲ့ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် MRTW Manufacturing & Inspection လုပ်ငန်းသည် အမြတ် မာဂျင်မှာ ၂၂% မှာ ၃၉% ထိ (၁နှစ်အတွင်းတွင်) သို့ အမြတ်မာဂျင်တိုးတက်လာခဲ့ပါသည်။ ၎င်းမှာ ဝင်ငွေတိုးလာသော်လည်း ပုံသေအလုပ်သမားများ၏ စရိတ်များ ထိန်းချုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ထို့အပြင် Gold Shipping ၏ အမြတ်သည် ယခင် ဘဏ္ဍာနှစ် ၂၀၁၈-၁၉ နှစ် နှင့် နှိုင်းယှဉ်လျှင် ၄၄% မှ ၅၅% သို့ ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ နှစ်တွင် တိုးတက်ခဲ့ပါသည်။ ဝင်ငွေလျော့ကျခဲ့သော်လည်း အကြမ်းဖျင်းအမြတ်တိုးတက်လာခြင်းမှာ သင်္ဘောလိုင်းမှ ရရှိသော ကော်မရှင်သာမကပဲ တခြားသော forwarding နှင့် ဆက်စပ် ဝန်ဆောင်မှုများ လုပ်ဆောင် နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

BREAKDOWN OF ADMINISTRATIVE EXPENSES

| DESCRIPTION | FY March 2019<br><br>(Apr18-Mar19)<br><br>( Audited ) | HY September<br><br>(Apr19-Sep19)<br><br>(Mini Budget Audited) | FY September 2019<br><br>(Oct2018-Sep2019)<br>(HY2018-19 + Mini 2019)<br>Audited | FY September 2020<br><br>(Oct2019-Sep2020)<br><br>(Audited ) | % CHANGE |
|---|---|---|---|---|---|
| EFR (Stand Alone) | (407,074,907) | (382,565,174) | (586,102,628) | (534,608,748) | -9% |
| MRTW Logistics | (214,871,526) | (111,605,842) | (219,041,605) | (271,177,506) | 24% |
| *Multipack* | (83,911,684) | 1,581,409 | (40,374,433) | (37,117,260) | -8% |
| UCS | (201,552,631) | (119,565,048) | (220,341,363) | (183,143,705) | -17% |
| EFR GLE | (563,343,911) | (266,662,121) | (548,334,077) | (565,927,391) | 3% |
| MRTW Manufacturing | (621,637,313) | (248,697,386) | (559,516,043) | (493,527,188) | -12% |
| Gold Shipping | (294,840,379) | (148,534,853) | (295,955,042) | (295,046,195) | 0% |
| EFR Trading | (205,946,048) | (117,583,590) | (220,556,613) | (207,414,469) | -6% |
| LDC Mandalay | (209,359,650) | (146,077,289) | (250,757,113) | (288,579,152) | 15% |
| A Logistics | - | - | - | (17,249,566) | NM |
| Total administration expenses | (2,802,538,048) | (1,539,709,895) | (2,940,978,919) | (2,893,791,180) | -2% |
| Intercompany transaction | 384,845,895 | 112,229,910 | 304,652,857 | 169,895,867 | |
| | (2,417,692,153) | (1,427,479,985) | (2,636,326,061) | (2,723,895,313) | 3% |

မိခင်ကုမ္ပဏီနှင့် လက်အောက်ခံ ကုမ္ပဏီများအကြား လုပ်ငန်းဆောင်ရွက်မှုများကိုပါ ထည့်သွင်း တွက်ချက်ထားသော စီမံခန့်ခွဲမှု အသုံးစရိတ်စုစုပေါင်းသည် ၂၀၁၈-၂၀၁၉ နှစ်တွင် ကုန်ကျငွေ မြန်မာကျပ် ၂,၉၄၀,၉၇၈,၉၁၉ မှ ၂% ခန့် လျော့ ကျပြီး ၂၀၁၉-၂၀၂၀ နှစ်တွင် မြန်မာကျပ် ၂,၈၉၃,၇၉၁,၁၈၀ ဖြစ်ခဲ့ပါသည်။

MRTW Logistic နှင့် EFR LDC မှ လွဲ၍ ကျန်လက် အောက်ခံ ကုမ္ပဏီများ အားလုံးသည် အသုံးစရိတ်စရိတ်များ လျှော့ချ သုံးစွဲနိုင်ခဲ့ပါသည်။ သို့သော် MRTW Logistics ၏ လုပ်ငန်းစီမံခန့်ခွဲမှု ကုန်ကျစရိတ်သည် ယခင်ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ ထက် ၂၄% ခန့် ထက် တက်လာခဲ့ ပါသည်။ ထိုသို့ အသုံးစရိတ်များလာခြင်းမှာ ကြွေးဆုံးငွေ မြန်မာကျပ် ၃၉,၈၃၇,၇၃၁ အား ထည့်သွင်း စဉ်းစားထားခြင်းနှင့် လုပ်ငန်းလည်ပတ် အသုံးငွေများ နှင့် ဝန်ထမ်းစရိတ် မြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။ ၎င်းကြွေးဆုံးပေါ်ပေါက်ရခြင်း မှာ Covid 19 ကြောင့် ၎င်းတို့ရုံး၏ အဓိက ဖောက်သည်များအထဲမှ ၂ဦးသည် လုပ်ငန်း ဖျက်သိမ်းခဲ့ပါသဖြင့် ကြွေးဆုံး အဖြစ် သတ်မှတ်ခဲ့ရန် စီမံအုပ်ချုပ်မှု အဖွဲ့ မှ ဆုံးဖြတ်ချက်ချခဲ့ရပါသည်။ ထို့အပြင် EFR LDC Mandalay ၏ စီမံအုပ်ချုပ်မှု ကုန်ကျ စရိတ်သည် ၁၅% ခန့် ပိုမိုမြင့်တက်လာခဲ့ပါသည်။ အမှတ်တကယ်တွင် EFR LDC Mandalay သည် ဝင်ငွေရရှိ ဆောင်ရွက်နိုင်သော်လည်း စီမံကိန်း ပထမပိုင်း အပြီးဆောင်ရွက်ခြင်း မတင်ပြနိုင်သေးပါ၍ ကုန်ကျစရိတ် သက်သက်သာ ဖြစ်နေပါသေးသည်။

**BREAKDOWN OF NET PROFIT AND COMPREHENSIVE INCOME**

| DESCRIPTION | FY March 2019<br>(Apr18-Mar19)<br>( Audited ) | HY September<br>(Apr19-Sep19)<br>(Mini Budget Audited) | FY September 2019<br>(Oct2018-Sep2019)<br>(HY2018-19 + Mini 2019) Audited | FY September 2020<br>(Oct2019-Sep2020)<br>(Audited ) | % CHANGE |
|---|---|---|---|---|---|
| EFR (Stand Alone) | 1,329,796,037 | 64,538,409 | 729,436,428 | 93,563,111 | -87% |
| MRTW Logistics | 6,010,514 | 20,673,929 | 23,679,186 | (125,184,391) | -629% |
| Multipack | 1,658,251,796 | 1,729,590 | 830,855,488 | (36,171,783) | -104% |
| UCS | 8,242,425 | (4,689,095) | (567,882) | (18,023,886) | 3074% |
| EFR GLE | 230,864,961 | 119,877,943 | 235,310,424 | 5,764,830 | -98% |
| MRTW Manufacturing | (271,657,310) | (160,945,197) | (296,773,852) | (52,660,475) | -82% |
| Gold Shipping | 171,567,648 | 76,900,620 | 162,684,444 | 118,947,667 | -27% |
| EFR Trading | 102,505,426 | 57,924,541 | 109,177,253 | 105,772,899 | -3% |
| LDC Mandalay | (173,564,330) | (83,310,676) | (170,092,841) | 22,668,397* | -113% |
| A Logistics | - | - | - | (9,089,196) | NM |
| Share of Profit from Associates | (237,267,418) | (174,790,664) | (293,424,373) | (326,392,080) | 11% |
| Total net income for the year | 2,824,749,749 | (82,090,599) | 1,330,284,276 | (220,804,907) | |
| Intercompany transaction | (1,248,215,011) | (274,713,578) | (898,821,083) | (397,671,279) | |
| Total net income for the year | 1,576,534,739 | (356,804,177) | 431,463,193 | (618,476,183) | -243% |
| Foreign Currency Translation | 431,963,712 | 15,485,574 | 231,467,430 | (114,479,353) | |
| Total comprehensive income for the year | 2,008,498,451 | (341,318,603) | 662,930,623 | (732,955,536) | -211% |

မိခင်ကုမ္ပဏီနှင့် လက်အောက်ခံကုမ္ပဏီများအကြား လုပ်ငန်းဆောင်ရွက်မှုများကို ထည့်သွင်းတွက်ချက်ပြီးနောက် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ တွင် မြန်မာကျပ် ၄၃၁,၄၆၃,၁၉၃ အမြတ်ပေါ်ခဲ့သော်လည်း ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် (၆၁၈,၄၇၆,၁၈၃) အရှုံးပေါ်ခဲ့သဖြင့် ၂ဆခွဲခန့် ကျဆင်း ခဲ့ပါသည်။ ၎င်းဖြစ်ရပ်မှာ ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ တွင် Mulipack Engineering Services Limited လုပ်ငန်းအား ၆၀% ရောင်းချခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် တခြားပုံမှန်မဟုတ်သော ဝင်ငွေအဖြစ် မြန်မာကျပ် ၁,၆၅၈,၂၅၁,၇၉၆ ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော UCSL ၏ အသားတင် အမြတ်သည် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ နှစ်တွင် မြန်မာကျပ် (၅၆၇,၈၈၂) သာ အရှုံးပေါ်ခဲ့သော်လည်း ယခု ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် (၁၈၀,၂၃,၈၆၆) အရှုံးပေါ်ခဲ့ပါသည်။ ၎င်းမှာလည်း Covid 19 ၏ အကျိုးဆက်သာ ဖြစ်ခဲ့ပါသည်။ ၎င်းတို့၏ အဓိက ဖောက်သည်များသည် လုပ်ငန်းရပ်ဆိုင်းခဲ့ ခြင်းများ ရှိခဲ့ပါသောကြောင့် ဝန်ဆောင်မှုများ မပေးရ သောကြောင့်ဝင်ငွေ ရရှိခြင်းနဲခဲ့ သကဲ့သို့ လုပ်ငန်းသုံး ဝန်ထမ်း စရိတ်များ မှာလည်း ဆက်လက်ကုန်ကျနေခဲ့ပါသဖြင့်အရှုံးဖြင့်ရင်ဆိုင်ခဲ့ရပါသည်။ EFR LDC Mandalay သည် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ တွင် မြန်မာကျပ် (၁၇၀,၀၉၂,၈၄၁) အရှုံးပေါ်ခဲ့ရာမှ ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် ၂၂,၆၆၈,၃၉၇ အထိ အသားတင် အမြတ်ရရှိခဲ့ခြင်းသည် စီမံကိန်း၏ ပထမပိုင်း စီစစ်ဆောင်ရွက်နေဆဲ မှ ရရှိသောခဲ့ သော ဝင်ငွေ မှာ လုပ်ငန်းသုံး ဝန်ထမ်းစရိတ်များထက်ပိုမို ရရှိခဲ့ပါသောကြောင့် အမြတ်ငွေအဖြစ် ရရှိ ခဲ့ ခြင်း ဖြစ်ပါသည်။

ငွေသားမဟုတ်ပဲ ငွေကြေးပြောင်းလဲ ဖော်ပြခြင်းဆိုင်ရာအရှုံးအမြတ် (Non-Cash Currency Translation Loss) ကို ကာလ ၂ခုလုံးတွင် ထည့်သွင်းတွက်ချက် တင်ပြရလျှင် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ နှစ်၏စုစုပေါင်း ဝင်ငွေအလုံးစုံမှာ အမြတ်ငွေ မြန်မာကျပ် ၆၆၂,၉၃၀,၆၂၃ ဖြစ်ပြီး ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ ၏ စုစုပေါင်း ဝင်ငွေအလုံးစုံမှာ မြန်မာကျပ် (၇၃၂,၉၅၅,၅၃၆) အရှုံးဖြစ်ပါသည်။

**SHARE OF PROFIT FROM ASSOCIATES**

| SHARE OF PROFIT FROM ASSOCIATES | HY September 2019 | HY September 2019 (Mar18 -Apr19) | FY September 2019 | FY September 2020 | % CHANGE |
|---|---|---|---|---|---|
| KEFR (30%) | (84,536,474) | (53,993,918) | (138,530,392) | (129,370,949) | *-6.6%* |
| UTOC Multipack (40%) | (53,393,564) | (29,617,260) | (83,010,824) | (126,381,368) | *52.3%* |
| HITLC (49%) | (36,860,626) | (35,022,531) | (71,883,157) | (70,639,763) | *-1.7%* |
| Share of Profit from Associates | (174,790,664) | (118,633,709) | (293,424,373) | (326,392,080) | 11% |

Associate ကုမ္ပဏီများ အနေဖြင့် K-EFR ဖက်စပ်ကုမ္ပဏီတွင် ကျွန်ုပ်တို့မိခင်ကုမ္ပဏီသည် ၃၀% ပိုင်ဆိုင်သည့် အလျှောက် ၎င်းတို့ ကျွန်ုပ်တို့စုစုပေါင်း ဘဏ္ဍာရေး ရှင်းတမ်းတွင် ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် မြန်မာကျပ် (၁၂၉,၃၇၀,၉၄၉) အရှုံးဖြင့် လည်းကောင်း ၊ ၂၀၁၈-၂၀၁၉ နှစ် တွင် မြန်မာကျပ် (၁၃၈,၅၃၀,၃၉၂) ဖြင့်လည်းကောင်း ပါဝင်ခဲ့ပါသည်။ ၂နှစ်ယှဉ်ကြည့်ပါလျှင် ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တွင် အရှုံး ၆.၆% လျှော့ချနိုင်ခဲ့ပါသည်။ ၎င်းဖက်စပ် ကုမ္ပဏီသည် လုပ်ငန်းစွမ်းဆောင်နိုင်ပြီး အကြမ်းအမြတ်နှင့် အခွန်မဆောင်မီ အမြတ်ရရှိ သော်လည်း ပုံသေပိုင်ပစ္စည်း (ကားများ)၏ တန်ဘိုးလျော့အား နှစ်တိုဖြင့် တွက်ချက်ခဲ့ပါသဖြင့် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ နှစ် တို့တွင် အမြတ်စာရင်းမရှိပဲ အရှုံးစာရင်းသာ ဖြစ်ခဲ့ရပါသည်။

UTOC Multipack ဖက်စပ်ကုမ္ပဏီသည် မိခင်ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်သော Multipack Engineering Services Limited မှ ၄၀% ပိုင်ဆိုင်ပါသည်။ ၎င်းဖက်စပ်ကုမ္ပဏီ၏ အရှုံးသည် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ တွင် မြန်မာ ကျပ် (၈၃,၀၁၀,၈၂၄) ဖြစ်ပြီး ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ နှစ်တွင် မြန်မာ ကျပ် (၁၂၆,၃၈၁,၃၆၈) ဖြစ်ခဲ့ပါသည်။ ဖက်စပ်လုပ်ငန်း စတင်ချိန်မှ ယခုနှစ်အထိ ဆက်တိုက်အရှုံးနှင့် ရင်ဆိုင်နေရပါသဖြင့် မိမိတို့ မိခင်ကုမ္ပဏီမှ လိုအပ်သည်များ ဆက်လက် လုပ်ဆောင်ရန်ကို ဆွေးနွေးညှိနှိုင်း ပြင်ဆင်နေပါသည်။

HITLC (Hlaing) စီမံကိန်းကုမ္ပဏီသည် တည်ဆောက်ဆဲ ကုမ္ပဏီဖြစ်ပြီး မိမိတို့ မိခင်ကုမ္ပဏီမှ ၄၉% ပိုင်ဆိုင်ပါသည်။ FY 2018-2019 ထိ စီမံအုပ်ချုပ်မှု အသုံးစရိတ်ဘဏ္ဍာရေးရှင်းတမ်းများသာ တင်ပြနိုင်ပါသေးသည်။

FINANCIAL CONDITION (SUMMARY GROUP BALANCE SHEET)

| DESCRIPTION | As of 30th September, 2019 (Audited) | As of 30th September, 2020 (Audited) | % CHANGE |
|---|---|---|---|
| **ASSETS** | | | |
| Total Non-Current Assets | 5,648,264,764 | 5,464,943,694 | *-3.3%* |
| Total Current Assets | 13,291,391,650 | 12,862,913,705 | *-3.2%* |
| Total Assets | 18,939,656,414 | 18,327,857,399 | -3.2% |
| **LIABILITIES** | | | |
| Total Non-Current Liabilities | Nil | Nil | |
| Total Current Liabilities | 2,904,475,590 | 2,985,632,111 | *2.8%* |
| Total Liabilities | 2,904,475,590 | 2,985,632,111 | *2.8%* |
| **EQUITY** | | | |
| Total Equity | 16,035,180,824 | 15,342,225,288 | *-4.3%* |
| Total Equity and Liabilities | 18,939,656,414 | 18,327,857,399 | -3.2% |

လက်ငင်းမဟုတ် သောရပိုင်ခွင့်များ (**Non-current Assets**)

ကျွန်ုပ်တို့၏ လက်ငင်းမဟုတ်သောရ ပိုင်ခွင့်များတွင် ပုံသေပိုင်ပစ္စည်း (Property, Plant & Equipment)၊ မထိတွေ့နိုင်သောရပိုင်ခွင့်များ (Intangible Assets)၊ ရင်းနှီးမြှုပ်နှံမှု (Investment) နှင့် လုပ်ဆောင်ဆဲစီမံကိန်း (Project Under Development) တို့ပါဝင်ပါသည်။ စုစုပေါင်း လက်ငင်းမဟုတ်သောရပိုင်ခွင့်များ သည် ၂၀၁၉ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၅,၆၄၈,၂၆၄,၇၆၄ ရှိရာမှ ၂၀၂၀ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၅,၄၆၄,၉၄၃,၆၉၄ သို့ ၃.၃% ခန့် လျော့ကျခဲ့ပသည်။ စီမံကိန်းတွင် လက်ရှိလုပ်ဆောင်မှု စရိတ်များကြောင့် လျော့ကျခဲ့ခြင်းဖြစ်ပါသည်။

လက်ငင်းရပိုင်ခွင့်များ **(Current Assets)**

ကျွန်ုပ်တို့၏ လက်ငင်းရပိုင်ခွင့်တွင် ပစ္စည်းစာရင်း (Inventory)၊ ငွေသားနှင့်ငွေသားဖြစ်လွယ်သောပစ္စည်း (cash and cash equivalent)၊ ကုန်သွယ်မှုနှင့်အခြားရရှိရန်ရှိသည်များ (Trade and other receivables)၊ ကြိုပေးထားသော အခွန်နှင့် အပ်ငွေ (Prepaids, Advance Tax and Deposits) အစရှိသည်တို့ပါဝင်ပါသည်။ ကျွန်တော်တို့၏ လက်ငင်းရပိုင်ခွင့်များသည် ပစ္စည်းစာရင်းနှင့် ကုန်သွယ်မှုနှင့်အခြားရရန်ရှိသည့်အရာများ ကြောင့် ၂၀၁၉ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၁၃,၂၉၁,၃၉၁,၆၅၀ မှ မြန်မာငွေကျပ် ၁၂ ,၈၆၂ ,၉၁၃,၇၀၅ သို့ကျဆင်းသွားပါသည်။ အဓိက ကျဆင်းရခြင်းမှာ ရရန်ရှိ စာရင်း များ သည် ၂၀၁၉ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၁၁,၁၀၆,၈၂၉,၄၉၄ မှ ၂၀၂၀ စက်တင်ဘာလတွင် တွင် မြန်မာငွေကျပ် ၉,၇၃၄,၂၈၈,၆၀၃ သို့ ကျဆင်းခဲ့ပါသည်။ ကျွန်ုပ်တို့သည် ရရန် ရှိသည့် စာရင်းများအား အချိန်မှီကောက်ယူမှု ရရှိအောင် ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ နှစ် အတွင်းကြိုးစားဆောင်ရွက်နိုင်ခဲ့ပါသည်။

လက်ငင်းပေးရန်တာဝန်များ **(Current Liabilities)**

ကျွန်ုပ်တို့၏ လက်ငင်းပေးရန် တာဝန်များတွင် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိသည့်အရာများ (Trade and other payables) ၊ အခွန်လျာထားမှု(Tax provisions)၊ လက်ခံရရှိသော ကြိုတင်ပေးငွေများ(Advanced received) နှင့် ပေးရန်ကျန်ငွေ (Accruals) တို့ ပါဝင်ပါသည်။ ၂၀၁၉ စက်တင်ဘာလတွင် လက်ငင်းပေးရန် တာဝန်များ သည် မြန်မာငွေကျပ် ၂,၉၀၄,၄၇၅,၅၉၀ မှ ၂၀၂၀ စက်တင်ဘာလတွင် မြန်မာငွေကျပ် ၂,၉၈၅,၆၃၂,၁၁၂ သို့ ၂.၈% ခန့် တက်လာခဲ့ပါသည်။ ထိုသို့ လက်ငင်းပေးရန်တာဂန်များ တက်လာရသော အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ ၏ အခွန်ပေးရန်များ (Tax) ရှင်းလင်းနိုင်ခြင်းမရှိသေးပွါသောကြောင့် ပေးရန်များ အနည်းငယ်ပိုနေခြင်း ဖြစ်ပါသည်။

မတည်ငွေရင်းပိုင်ဆိုင်သူများ (**Equity Holder**) နှင့် သက်ဆိုင်သောမတည်ငွေရင်း

ကျွန်ုပ်တို့ကုမ္ပဏီ၏ စုစုပေါင်း အစုရှယ်ယာရှင်များ၏ပိုင်ဆိုင်မှု (Total Equity) သည် ၂၀၂၀ စက်တင်ဘာလတွင် နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းအပြောင်းအလဲကြောင့် နိုင်ငံခြားငွေအမြတ်အရန်ငွေ ကျဆင်းခဲ့သဖြင့် မြန်မာငွေကျပ် ၁၆,၀၃၅,၁၈၀၀,၈၂၄ မှ ၁၅,၃၄၂,၂၂၅,၂၈၈ သို့ အနည်းငယ် လျော့ကျသွားပါသည်။ ကျွန်ုပ်တို့၏ Retained Earning သည် ၂၀၁၉ စက်တင်ဘာလတွင် မြန်မာငွေ ၁,၈၉၇,၅၀၀,၈၀၆ ကျပ် ရှိခဲ့ရာမှ ၂၀၂၀ စက်တင်ဘာလတွင် မြန်မာငွေေကျပ် ၁,၂၈၀,၉၇၁,၅၆၂ ကျပ် သို့ လျော့ကျခဲ့ ခြင်းကြောင့်ဖြစ်ပါသည်။

ပြန်လည်သုံးသပ်ချက်နှင့် အနာဂတ်မျှော်မှန်းချက်

ကျွန်ုပ်တို့ မိခင်ကုမ္ပဏီ Ever Flow River Group Public Company Limited သည် ၂၀၂၀ မေလ ၅ ရက်နေ့တွင် ရန်ကုန် စတော့ အိပ်ချိန်းတွင် အများပိုင်စာရင်းဝင်ကုမ္ပဏီ ဖြစ်လာသည်နှင့်အညီ ကော်ပိုရိတ်အုပ်ချုပ်မှု စနစ်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကျင့်သုံးပြီး ကျွန်ုပ်တို့၏စွမ်းဆောင်ရည်ကောင်းများကို ထိန်းသိမ်းလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ထောက်ပံ့နှင့် ပို့ဆောင်ရေးနယ်ပယ်တွင် နှစ်ပေါင်းနှစ်ဆယ်ကျော်တိုင်အောင် လုပ်ဆောင်ခဲ့သည့်ကာလအတွင်း ပြည်တွင်းနှင့် ပြည်ပ ကုန်ပစ္စည်းတင်ပို့ခြင်း၊ ကုန်းတွင်းဆိပ်ကမ်း၊ ကုန်သေတ္တာသိုလှောင်ရုံ၊ အကောက်ခွန်လုပ်ငန်းများ ပါဝင်သည့် ကုန်သိုလှောင်ရုံများ ၊ ထောက်ပို့ခြင်းနှင့်စက်မှုလုပ်ငန်းများ ပေါင်းစပ်ထားသည့် ဝန်ဆောင်မှု လုပ်ငန်းများ ၊ ကုန်ပစ္စည်းဖြန့်ဖြူးရောင်းချခြင်းများ အစရှိသည့် လုပ်ငန်းများကို မဟာဗျူဟာကျစွာ ချဲ့ထွင်ကာ ဖောက်သည်များအား ပြီးပြည့်စုံသည့် ထောက်ပံ့ပို့ဆောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို ပေးနေပါသည်။

ပြီးခဲ့သော ဘဏ္ဍာနှစ် ၂၀၁၉-၂၀၂၀ တစ်နှစ် အား ပြန်လည် သုံးသပ် ပါက ၊ EFR ၏ လုပ်ငန်းဆိုင်ရာ နှင့် ဘဏ္ဍာရေး ဆိုင်ရာ များ စွမ်းဆောင် ရည်များ ကောင်းမွန် ခဲ့ သည် ကို တွေ့ ကြရ သော် လည်း မိမိ တို့ အနေ ဖြင့် အမြတ်ငွေ များ ဖြစ်ထွန်း လာရေး အတွက် ကြိုးပန်းရန် အထူး လို အပ်နေပါသေး သည် ကို သိရှိ၍ အထူး ကြိုးစား ဆောင်ရွက် လျှက် ရှိ ပါသည်။ လက်ရှိကမ္ဘာလုံးဆိုင်ရာ Covid-19 ကပ်ရောဂါအကြပ်အတည်းနှင့် မသေချာ မရေရာမှုများသည် ထောက်ပံ့ ပို့ဆောင်ရေး အပါအဝင် လုပ်ငန်းများစွာအပေါ် သိသာစွာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်မှု များ သက်ရောက်ခဲ့ပါသည်။ EFR ကို စီမံအုပ်ချုပ်သူများအနေဖြင့် အပြောင်းအလဲများနှင့် အံဝင်ခွင်ကျဖြစ်ရန်အပြင် အခွင့်အလမ်းသစ်များ ကိုရှာဖွေခြင်းအားဖြင့် အခြေအနေကို ပြေလျော့စေရန် နှင့် လျော့ပါးစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

အထူးတင်ပြရမည်ဆိုလျှင် စီးပွားရေး ပြတ်တောက်မှုများရှိခဲ့ပြီး ထိခိုက်ခဲ့သော်လည်း EFR Trading မှ (ကုန်သွယ်ရေး) ကို အခြေခံပြီး ဝန်ဆောင်မှု လုပ်ငန်းများ (ဥပမာ - Distribution များ Trade house အတွက် value added ကုန်စည်များ) ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ပါ သဖြင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ဝင်ငွေများကောင်းစွာရရှိခဲ့ပါသည်။ One-stop Logistics ကုမ္ပဏီအနေဖြင့် Gold Shipping နှင့် LDC Mandalay ကဲ့သို့သော လက်အောက်ခံ ကုမ္ပဏီများသည် Covid-19 ကာလအတွင်းပင် ကောင်းမွန်စွာ လည်ပတ်နိုင်ခဲ့ပြီး ကျွန်ုပ်တို့အနေဖြင့်ကူးစက်ရောဂါ၏ သက်ရောက်မှု များ သည် ယာယီသာဖြစ်မည်ဟုယူဆပြီး နှစ် သစ် ဖြစ်သော ၂၀၂၁ နှစ်ဦးပိုင်းမှ စတင်၍ စီးပွားရေးလုပ်ငန်းများ ပြန်လည် တိုးတက် လာမည်ဟု မျှော်လင့်ရပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ ချမှတ်ထားသောရေရှည်မူဝါဒအတိုင်း ကျွန်ုပ်တို့၏ clients များ၏ အကျိုးစီးပွားနှင့် မြန်မာစီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာဈေးကွက်သို့ မြှင့်တင်ရန် ဦးတည်၍ ဂန်ဆောင်မှုများကို ပုံဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ထောက်ပံ့ပို့ဆောင်ရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ၊ IT နှင့် e-commerce အပြင် commercial intelligence များကိုတွဲစပ်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ EFR မှဂန်ထမ်း တစ်ဦးချင်းစီသည် ကျွန်ုပ်တို့ကုမ္ပဏီ ကို ဒေသတွင်းသာမက ကမ္ဘာလုံးဆိုင်ရာ တွင် ဦးဆောင်နိုင်သည့် အဖွဲ့အစည်း ဖြစ်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ကျွန်ုပ်တို့ကုမ္ပဏီ၏ အဓိကစီမံကိန်းများအား အမြန်ဆုံးပြီးစီးအောင် ကြိုးစားဆောင်ရွက်နေပါသည်။ ထို့ပြင် ကျွန်ုပ်တို့ကုမ္ပဏီ၏ လက်ရှိလုပ်ငန်းများ ပိုမိုအကျိုးဖြစ်ထွန်း အောင်မြင်စေရန် နှင့် အမြတ်များ ရရှိနိုင်ရန် ကြိုးစားပြင်ဆင် ဆောင်ရွက်နေပြီး၊ လာမည့် ဘဏ္ဍာနှစ်များတွင် အမြတ်ဝေစု ခွဲဝေပေးနိုင်ရန် အတွက် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများ အပါအဝင် ဝန်ထမ်းတစ်ဦးချင်းစီတိုင်းမှ အထူးကြိုးစား ဆောင်ရွက်လျှက်ရှိပါသည်။ ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍသည် အခြားလုပ်ငန်းများ ၏ရှေ့ပြေးဖြစ်သဖြင့် Covid အလွန်ကာလတွင် ကျွန်ုပ်တို့လုပ်ငန်းများအတွက် အလားအလာ ကောင်းများ ရှိလာမည်ဟု ယုံကြည်ပါသည်။

**ဒါရိုက်တာအဖွဲ့၏အမိန့်အရ**

ဒေါ် ခင်ဆုံ

အမှုဆောင် ဒါရိုက်တာ
၂၀၂၀ ဒီဇင်ဘာလ ၂၉ ရက်

Ever Flow River Group Public Company Limited
YSX Code 00006
Level 11, No. 62, Room 1104,
Mahabandoola Complex B, Tarwatainthar Street,
Pazundaung Township, Yangon,
Republic of the Union of Myanmar
www.efrgroupmyanmar.com

**ABBREVIATIONS**

| | |
|---|---|
| **EFR** | Ever Flow River Group Public Company Limited. |
| **EFR GLE** | EFR G-Link Express Services Co., Ltd. |
| **EFR Trading** | Ever Flow River Trading Co., Ltd. |
| **Gold Shipping** | Gold Shipping Agency Services Co., Ltd. |
| **HITLC** | Hlaing Inland Terminal and Logistics Co., Ltd. |
| **KEFR** | Kamigumi-EFR Logistics (Myanmar) Co., Ltd. |
| **LDC Mandalay** | Ever Flow River Logistics & Distribution Center (Mandalay) Co., Ltd. |
| **MRTW Logistics** | Myanmar Round the World Logistics Co., Ltd. |
| **MRTW Manufacturing** | MRTW Manufacturing & Inspection Co., Ltd. |
| **Multipack** | Multipack Engineering Services Co., Ltd. |
| **UCS** | Unison Choice Services Co., Ltd. |
| **UTOC Multipack** | UTOC Multipack Myanmar Co., Ltd. |
| **A L** | A Logistics Co., Ltd. |